## အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ အဝင်ခရီးသည်များအနေဖြင့် သယ်ဆောင်လာသည့် မိုဘိုင်းလက်ကိုင်ဖုန်းများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးကြေညာခြင်း

၁။ နယ်စပ်ဝင်ပေါက်များမှလည်းကောင်း၊ ပင်လယ်ရေကြောင်းဝင်ပေါက်များမှလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှလည်းကောင်း ဝင်ရောက်လာသော မိုဘိုင်းလက်ကိုင်ဖုန်းများအား CEIR စနစ်တွင် မှတ်ပုံတင်၍ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာလေဆိပ် (ရန်ကုန်၊ နေပြည်တော်၊ မန္တလေး) များမှ ဝင်ရောက်လာသည့် ခရီးသည်များနှင့်အတူပါရှိလာသည့် (ခရီးသည်တစ်ဦးလျှင် လက်ရှိအသုံးပြုနေသည့် ဖုန်းအပါအဝင် မိုဘိုင်းလက်ကိုင်ဖုန်း နှစ်လုံးသာ သယ်ယူခွင့်ပြုပါသည်) မိုဘိုင်းလက်ကိုင်ဖုန်းများကိုသာ CEIR စနစ်တွင် မှတ်ပုံတင်ရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များအား ဆောင်ရွက်ခွင့်ပြုမည် ဖြစ်သည်။

**ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်**

၂။ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ဝင်ရောက်လာသည့် ခရီးသည်များအနေဖြင့် CEIR စနစ်တွင် မှတ်ပုံတင်ထားခြင်း မရှိသေးသော မိုဘိုင်းလက်ကိုင်ဖုန်းများ ပါရှိလာပါက လေဆိပ်အကောက်ခွန်ကောင်တာတွင် Passenger Declaration Form (PD Form) ဖြင့် ကြေညာရမည်ဖြစ်ပါသည်။ ထိုသို့ ကြေညာရာတွင် PD Form ၌ IMEI နံပါတ်အား မဖြစ်မနေ ထည့်သွင်းကြေညာရမည်။

၃။ မိုဘိုင်းလက်ကိုင်ဖုန်းများအား CEIR စနစ်တွင် မှတ်ပုံတင်နိုင်ရန်အတွက် CEIR OSS အဖွဲ့သို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လာရောက်၍ လျှောက်ထားနိုင်သည်-

- (က) CEIR စနစ်တွင် မှတ်ပုံတင်ခွင့် လျှောက်လွှာ
- (ခ) Passport (မိတ္တူ) (ဓါတ်ပုံပါသောရှေ့စာမျက်နှာနှင့် လေဆိပ်လဝကမှ ရောက်ရှိရက်စွဲ ရိုက်နှိပ်ထားသော စာမျက်နှာ)
- (ဂ) Boarding Pass (မူရင်း၊ မိတ္တူ)
- (ဃ) လေယာဉ်လက်မှတ် (မူရင်း၊ မိတ္တူ)
- (င) Passenger Declaration Form (PD Form) (မူရင်း)

၄။ လျှောက်ထားလာမှုသည် Passenger Declaration Form (PD Form) ကြေညာခဲ့သည့်ရက်မှ ရက်ပေါင်း (၃၀) အတွင်း လျှောက်ထား၍ ကျသင့်အခွန်ကို ပေးသွင်းရမည်။ ရက်ပေါင်း (၃၀) အတွင်း လျှောက်ထားနိုင်ခြင်း မရှိပါက CEIR စနစ်မှ ကျသင့်အခွန်အပြင် ဒဏ်ကြေးများကောက်ခံသွားမည် ဖြစ်ပါသည်။

၅။ ခရီးသည်တစ်ဦးလျှင် ပထမအကြိမ် PD Form ကြေညာသည့်နေ့မှ တစ်နှစ်အတွင်း မိုဘိုင်းလက်ကိုင်ဖုန်း (၂) လုံးအထိသာ လျှောက်ထားနိုင်သည်။

**CEIR နှင့် EIR စနစ်စီမံကိန်းဦးစီးကော်မတီ**

# အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ဝင်ရောက်လာသော နိုင်ငံသားခရီးသည်များအတွက် CEIR စနစ်တွင် မှတ်ပုံတင်ခွင့်လျှောက်လွှာ

**လျှောက်ထားသူမှ ဖြည့်သွင်းရန်**

၁။ လျှောက်ထားသူအမည် -

၂။ နိုင်ငံသားစိစစ်ရေးအမှတ် -

၃။ Passport No. -

၄။ လေကြောင်းခရီးစဉ်နှင့် လေယာဉ်အမှတ် -

၅။ PD Form No. -

၆။ ဆိုက်ရောက်ရက်စွဲ -

၇။ ဆိုက်ရောက်လေဆိပ် -

၈။ မိုဘိုင်းဖုန်း (၁) အမျိုးအစား -

IMEI No. -

မိုဘိုင်းဖုန်း (၂) အမျိုးအစား -

IMEI No. -

CEIR OSS

လျှောက်ထားသူလက်မှတ်၊ -----------------------------------

လျှောက်ထားသူအမည်၊ -----------------------------------

နိုင်ငံသားစိစစ်ရေးအမှတ်၊ -----------------------------------

ဆက်သွယ်ရမည့်လိပ်စာ၊ -----------------------------------

-----------------------------------

ဖုန်းနံပါတ်၊ -----------------------------------

ရက်စွဲ၊ -----------------------------------